# <u>တံငါသည်များ အခွင့်အရေး ကွန်ယက်သည် မြန်မာ 31 အတွက် တရားမျှတမှုတောင်းဆို</u>

## မြန်မာ 31 အတွက် တရားမျှတမှု

မြန်မာ 31 ၏ မိသားစုများနှင့် ကျွန်ုပ်တို့ ကိုယ်စားပြုသော ရွှေ့ပြောင်း တံငါသည် ထောင်ပေါင်းများစွာကိုယ်စား FRN သည် သင်္ဘောသားအားလုံး ဘေးကင်းစွာ ပြန်လာနိုင်ရေးအတွက် ထိုင်းအစိုးရနှင့် အလုပ်ရှင်အနေဖြင့် အပြည့်အဝ တာဝန်ယူပေးရန် တောင်းဆိုလိုက်သည်။ ထိန်းသိမ်းခံရမှု၊ သယ်ယူပို့ဆောင်ခံရမှု နှင့်/သို့မဟုတ် ဇာတိနိုင်ငံပြန်ပို့ခံရမှုအတွင်း စားနပ်ရိက္ခာများနှင့်ပတ်သက်သည့် ကုန်ကျစရိတ်များကို အလုပ်ရှင် သို့မဟုတ် အစိုးရများက အပြည့်အဝ အကုန်ကျခံသင့်ပါသည်။ တံငါသည်များနှင့် သင်္ဘောသားများသည် ၎င်းတို့၏ အလုပ်အကိုင်စာချုပ်များတွင် သတ်မှတ်ပြဋ္ဌာန်းထားသည့်အတိုင်း ထိန်းသိမ်းခံထားရစဉ်ကာလအတွင်း ထိုင်းဥပဒေနှင့်အညီ ၎င်းတို့ကို လစာအပြည့်ပေးဆောင်ရမည်ဖြစ်သည်။ တံငါသည်များသည် တရားမဝင်ငါးဖမ်းခြင်း၊ သွားလာခြင်း သို့မဟုတ် သင်္ဘောမောင်းနှင်ခြင်းနှင့် ပတ်သက်သည့် ဆုံးဖြတ်ချက်များအတွက် တာဝန်မရှိပါ။ ၎င်းတို့သည် အလုပ်ရှင်ထံမှ ညွှန်ကြားချက်များကို လိုက်နာရသော သာမန်အလုပ်သမားများသာဖြစ်ပြီး ဤကံမကောင်းအကြောင်းမလှသည့်ဖြစ်ရပ်အတွက် ပြစ်ဒဏ် သို့မဟုတ် လက်စားချေခြင်းမျိုး မခံရသင့်ပါ။

## တရားဥပဒေစိုးမိုးစေပြီး တံငါသည်အားလုံးကို ကာကွယ်ပေးပါ

ထိုင်းနိုင်ငံ ငါးဖမ်းလုပ်ငန်းတွင် ဆိုးရွားသော ပြဿနာများစွာရှိနေပြီး တံငါသည်များသည် အများအားဖြင့် အလွန်ပြင်းထန်သော အခြေအနေများတွင် အကာအကွယ်မရှိဘဲလုပ်ကိုင်ကြရပါသည်။

1. တံငါသည်များ၏ နိုင်ငံကူးလက်မှတ်နှင့် အထောက်အထားပြ စာရွက်စာတမ်းများကို သင်္ဘောပိုင်ရှင်က အများအားဖြင့် သိမ်းဆည်းထားတတ်ပြီး ၎င်းတို့တွင် လွတ်လပ်စွာ သွားလာခွင့်မရှိပါ။ အများစုသည် အတင်းအကျပ် အချိန်ပိုအခိုင်းခံရပြီး ငြင်းဆိုပါက ခြိမ်းခြောက်မှုများ သို့မဟုတ် အကြမ်းဖက်မှုများနှင့် ရင်ဆိုင်နေရသည်။ သောက်သုံးရေ မပေးအပ်သော သင်္ဘောများတွင် တံငါသည်မြောက်မြားစွာ လုပ်ကိုင်နေကြရသည်။

2. PIPO သည် သင်္ဘောများကို သေချာစွာ မစစ်ဆေးသလို ဥပဒေကို မစိုးမိုးစေသောကြောင့် IUU ငါးဖမ်းမှု ဖြစ်နေရသလို တံငါသည်များ၏ အခွင့်အရေးများ ချိုးဖောက်ခံနေရပြီး ဤကဲ့သို့ အခြေအနေများသည် ရှေ့ဆက်ဖြစ်ပွားနေမည်ဖြစ်သည်။

3. ထိုင်းအစိုးရနှင့် PIPO တို့သည် ဥပဒေနှင့် ILO C188 ပြဋ္ဌာန်းချက်များကို စိုးမိုးစေသင့်ပြီး သင်္ဘောသားအားလုံးကို ဘေးကင်းစွာ ပြန်လည်ခေါ်ဆောင်ကာ ငါးဖမ်းလုပ်ငန်းတွင် အခြေအနေများ တိုးတက်ကောင်းမွန်လာစေရန် FRN နှင့် လက်တွဲဆောင်ရွက်သင့်သည်။